ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၁)　　၂၀၂၄ ခုနှစ် မေလ ၃၁ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ ။ | ၂-၄ |
| ၂။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံက နိုင်ငံတော်လျှို့ဝှက်ချက်တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းခြင်း။ | ၅-၆ |
| ၃။ | ဥရောပသမဂ္ဂအဖွဲ့နှင့်နယူးဇီလန်နိုင်ငံတို့အကြား လက်မှတ်ရေးထိုးသည့် ကုန်သွယ်မှုသဘောတူစာချုပ်(EU-New Zealand Trade Agreement)သည် စတင်အကျိုးသက်ရောက်သည့် ၁-၅-၂၀၂၄နေ့မှစ၍ကုန်သွယ်သူများအတွက် အခွင့်အလမ်းအသစ်များရရှိနိုင်ခြင်းအပေါ် လေ့လာတင်ပြခြင်း။ | ၇-၉ |
| ၄။ | ဖိလစ်ပိုင်နိုင်ငံ၌ Absolute Divorce Act ကို အောက်လွှတ်တော်တွင် အတည်ပြုခြင်း။ | ၁၀-၁၂ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၂၁) ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဖော်ပြလျက်ရှိသော အမိန့်ကြော်ငြာစာများ အကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုသီတင်းပတ်အတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်သည့် သက်ပြည့်အငြိမ်းစားယူရမည့်နေ့ရက်ကို ဝန်ထမ်းအသက်(၆၂)နှစ်ပြည့်သည့်နေ့ရက်ဟု သတ်မှတ်ခဲ့သည့်ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သူများသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့် ပြန်လည် ခန့်ထားခဲ့သည့်နိုင်ငံ့ဝန်ထမ်းများအငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကာလသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာတို့ကိုအများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၅.၄.၂၀၂၂ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁၆/၂၀၂၂)ဖြင့် သက်ပြည့်အငြိမ်းစားယူရမည့်နေ့ရက်ကို ဝန်ထမ်းအသက် (၆၂) နှစ်ပြည့်သည့်နေ့ရက်ဟု သတ်မှတ်ခဲ့သည့်ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သူများသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးသက်ပြည့်အငြိမ်းစားယူရမည့်နေ့ရက်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၆ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သက်ပြည့်အငြိမ်းစားယူရမည့်နေ့ရက်ကို ဝန်ထမ်းအသက်(၆၂)နှစ်ပြည့်သည့်နေ့ရက်ဟု သတ်မှတ်ခဲ့သည့်ပြဋ္ဌာန်းချက်တွင် ၃၁-၃-၂၀၂၂ ရက်နေ့တွင် အသက်(၆၀)နှစ်မကျော်လွန်သေးသည့် နိုင်ငံ့ဝန်ထမ်းများ၊ ၃၁-၃-၂၀၂၂ ရက်နေ့တွင်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ခံစားနေဆဲ နိုင်ငံ့ဝန်ထမ်းများ၊ အများပြည်သူအကျိုးငှာအငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို ငြင်းပယ်ပြီး ၃၁-၃-၂၀၂၂ ရက်နေ့တွင် ထိုခွင့်ကို ရွှေ့ဆိုင်းခွင့် (Deferred Leave) ခံစားနေဆဲ နိုင်ငံ့ဝန်ထမ်းများ၊ အသက် (၆၀)နှစ်ပြည့်ပြီးသော်လည်း လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်အမှုထမ်းခွင့် (Extension of Service) ရရှိနေပြီး ၃၁-၃-၂၀၂၂ ရက်နေ့တွင် အသက် (၆၂) နှစ်မကျော်လွန်သေးသူများ အကျုံးဝင်စေရမည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ကြိုတင်ပြင်ဆင်ခွင့်ခံစားနေဆဲနိုင်ငံ့ဝန်ထမ်းများနှင့် ကြိုတင်ပြင်ဆင်ခွင့်ကိုငြင်းပယ်ပြီး ခွင့်ကို ရွှေ့ဆိုင်းခွင့်ခံစားနေဆဲ နိုင်ငံဝန်ထမ်းများ၏ ရာထူးနေရာများတွင် အစားထိုး ဖြည့်စွက်ခန့်ထားလိုက်သည့်အတွက် မူလရာထူးအနွယ်မရှိတော့သူများအား အခြားဝန်ကြီးဌာနအဖွဲ့အစည်းများရှိ ဖွဲ့စည်းပုံအရ လစ်လပ်နေသည့်လစာနှုန်းတူရာထူးနေရာများတွင် ပြောင်းရွှေ့ခန့်ထားခြင်း သို့မဟုတ် မူလဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်/ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်များအတွက် ဥပဒေအကြံပေး သို့မဟုတ် ကျွမ်းကျင်သူများအဖြစ်လည်းကောင်း၊ ကျန်နိုင်ငံ့ဝန်ထမ်းများအတွက် ကျွမ်းကျင်သူများအဖြစ်လည်းကောင်း ပြန်လည်ခန့်ထားခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏သဘောထားမှတ်ချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ခွင့်ပြုချက်ဖြင့် အသက်(၆၂)နှစ်ပြည့်သည်အထိ ခန့်ထားခြင်းဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် ၃၁-၃-၂၀၂၂ရက်နေ့မတိုင်မီ အငြိမ်းစားယူခွင့်ပြုပြီးသူများအနေဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ရန်ဆန္ဒမရှိပါက မူလခွင့်ပြုချက်အတိုင်း အငြိမ်းစားယူနိုင်ပြီး နိုင်ငံ့ဝန်ထမ်းများအဖြစ်ဆက်လက်ခန့်ထားနိုင်ရေးကို အခွင့်အရေးတစ်ရပ်အနေဖြင့် တောင်းခံပိုင်ခွင့်မရှိစေရဟု သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၂၂ ပါသတ်မှတ်ချက်များအရ ပြန်လည်ခန့်ထားခဲ့သည့် နိုင်ငံ့ဝန်ထမ်းများအငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကာလနှင့်ပတ်သက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးကာ **၆.၅.၂၀၂၂ရက်နေ့တွင်အမိန့်ကြော်ငြာစာအမှတ်**(၂၈/၂၀၂၂)ဖြင့် ပြန်လည်ခန့်ထားခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကာလ သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းအမိန့်ကြော်ငြာစာတွင် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားနေဆဲ နိုင်ငံ့ဝန်ထမ်း (၂၆၀၇) ဦးနှင့် ထိုခွင့်ကို ငြင်းပယ်၍ ရွှေ့ဆိုင်းခွင့် (Deferred Leave) ခံစားနေဆဲ နိုင်ငံ့ဝန်ထမ်း (၂၃၄) ဦးတို့အား ပြန်လည် ခန့်အပ်ခဲ့ပြီး ထိုနိုင်ငံ့ဝန်ထမ်း (၂၈၄၁)

ဦးသည် အသက် (၆၂)နှစ်တွင် အငြိမ်းစားယူရာ၌ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ကာလကို "နှစ်လ" ခံစားခွင့်ပြုရန် သီးခြားကိစ္စရပ်အဖြစ် သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများသက်ပြည့်အငြိမ်းစားယူရမည့် နေ့ရက်ကို ဝန်ထမ်းအသက် (၆၂) နှစ်ပြည့်သည့်နေ့ရက်ဟု သတ်မှတ်ခဲ့သည့်ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သူများနှင့် ပြန်လည်ခန့်ထားသည့်နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကာလ သတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ထားသောကြောင့် MLIS Website တွင် ဝင်ရောက် လေ့လာဖတ်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## တရုတ်ပြည်သူ့သမ္မတနိုင်ငံက နိုင်ငံတော်လျှို့ဝှက်ချက်တားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက်၏အမြဲတမ်းကော်မတီသည် နိုင်ငံတော်လျှို့ဝှက်ချက်တားဆီးကာကွယ်ရေးဥပဒေကို ၂၇-၂-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ၁-၅-၂၀၂၄ ရက်နေ့မှစ၍ အာဏာသက်ရောက်ကြောင်း သိရှိရပါသည်။

ယင်းဥပဒေအရ နိုင်ငံတော်လျှို့ဝှက်ချက်ဆိုသည်မှာ ဥပဒေနှင့်အညီဖော်ပြထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသည့် အမျိုးသားလုံခြုံရေး၊ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် ကိစ္စရပ်များဖြစ်ကြောင်းဖော်ပြထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ အမျိုးသားကာကွယ်ရေးနှင့် သံတမန်ဆက်ဆံရေးကိစ္စရပ်များတွင် အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွားကိုထိခိုက်စေသည့် အောက်ပါကိစ္စရပ်များကို နိုင်ငံတော်လျှို့ဝှက်ချက်များအဖြစ် သတ်မှတ်ထားပါသည် -

(၁) နိုင်ငံတော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အရေးကြီးသည့်ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် လျှို့ဝှက်ကိစ္စရပ်များ

(၂) အမျိုးသားကာကွယ်ရေးနှင့်စပ်လျဉ်းသည့် လျှို့ဝှက်ကိစ္စရပ်များ

(၃) သံတမန်ဆက်ဆံရေးနှင့် နိုင်ငံခြားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လျှို့ဝှက်ကိစ္စရပ်များ

(၄) အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်းသည့် လျှို့ဝှက်ကိစ္စရပ်များ

(၅) သိပ္ပံနှင့်နည်းပညာဆိုင်ရာလျှို့ဝှက်သည့်ကိစ္စရပ်များ

(၆) အမျိုးသားလုံခြုံရေးနှင့် ပြစ်မှုများစုံစမ်းစစ်ဆေးခြင်းများနှင့်စပ်လျဉ်း၍ ထိန်းသိမ်းထားရှိမည့်လျှို့ဝှက်သည့်ကိစ္စရပ်များ

(၇) နိုင်ငံတော်လျှို့ဝှက်ချက်စီမံခန့်ခွဲရေးဦးစီးဌာနက သတ်မှတ်ထားသည့်အခြားလျှို့ဝှက်သည့်ကိစ္စရပ်များ

ထို့ပြင် နိုင်ငံတော်လျှို့ဝှက်ချက်များကို ထိပ်တန်းလျှို့ဝှက်၊ လျှို့ဝှက်၊ အတွင်းရေးဟူ၍ အဆင့်သုံးဆင့်ခွဲခြားထားပြီး အရေးကြီးဆုံးသော အမျိုးသားလုံခြုံရေးနှင့်အကျိုးစီးပွားနှင့်ဆိုင်သည့်ကိစ္စရပ်များကို ထိပ်တန်းလျှို့ဝှက်အဖြစ်လည်းကောင်း၊ အရေးကြီးသော နိုင်ငံတော်လျှို့ဝှက်ချက်များနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို လျှို့ဝှက်အဖြစ်လည်းကောင်း၊ အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွားကို သာမန်ထိခိုက်စေနိုင်သည့်ကိစ္စရပ်များကို အတွင်းရေးအဖြစ်လည်းကောင်း သတ်မှတ်ထားကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့်ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်:http://www.npc.gov.cn/npc/c2/c30834/202402/t20240227434859.html

## ဥရောပသမဂ္ဂအဖွဲ့နှင့်နယူးဇီလန်နိုင်ငံတို့အကြားလက်မှတ်ရေးထိုးသည့် ကုန်သွယ်မှုသဘောတူစာချုပ် (EU-New Zealand Trade Agreement)သည် စတင်အကျိုးသက်ရောက်သည့် ၁-၅-၂၀၂၄ နေ့မှစ၍ ကုန်သွယ်သူများအတွက် အခွင့်အလမ်းအသစ်များရရှိနိုင်ခြင်းအပေါ် လေ့လာတင်ပြခြင်း

ဥရောပသမဂ္ဂအဖွဲ့(EU)နှင့် နယူးဇီလန်နိုင်ငံ(New Zealand)တို့သည် ၂၀၁၈ ခုနှစ် ဇွန်လတွင် ကုန်သွယ်ရေးသဘောတူညီချက်စာချုပ်အတွက် ဆွေးနွေးညှိနှိုင်းမှုများကိုစတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် စာချုပ်ချုပ်ဆိုရန် ဥရောပသမဂ္ဂကော်မရှင် (EU Comission) အကြီးအကဲ Von Der Leyen နှင့်နယူးဇီလန်နိုင်ငံ(New Zealand) ဝန်ကြီးချုပ် Arden တို့က ကြေညာခဲ့ပါသည်။ စာချုပ်ဝင်များသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၉ ရက်နေ့တွင် စာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြပါသည်။ နယူးဇီလန်နိုင်ငံသည် ကုန်သွယ်မှုစာချုပ်အား ၂၀၂၄ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီအတည်ပြုခဲ့ပါသည်။

ဥရောပသမဂ္ဂအဖွဲ့(EU) နှင့် နယူးဇီလန်နိုင်ငံ (New Zealand) တို့အကြား ချုပ်ဆိုခဲ့သည့် ကုန်သွယ်မှုသဘောတူညီချက်စာချုပ်သည် ၁-၅-၂၀၂၄ ရက်နေ့တွင် စတင် အကျိုးသက်ရောက်ခဲ့ပါသည်။ မကြာမီနှစ်များအတွင်း စာချုပ်ဝင်များအကြား နိုင်ငံ၏ကုန်သွယ်မှုမြင့်တက်ခဲ့ရာ ၂၀၂၂ ခုနှစ်တွင် ယူရို 9.1 ဘီလီယံအထိ ရောက်ရှိခဲ့ပါသည်။

စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့မှစ၍ ဥရောပသမဂ္ဂအဖွဲ့(EU)၏ စီးပွားရေးအတွက် အကျိုးအမြတ်ရရှိစေသည့်အချက်များမှာ ဥရောပသမဂ္ဂအဖွဲ့(EU)၏ ကုန်သွယ်သူများသည် အခွန်ပေးဆောင်ရန်မလိုအပ်ခြင်း၊ ငွေရေးကြေးရေးဝန်ဆောင်မှု၊ ဆက်သွယ်ရေး၊ ရေကြောင်းပို့ဆောင်ရေးနှင့်ပစ္စည်းပို့သည့်ဝန်ဆောင်မှု စသည့်အဓိကကဏ္ဍများတွင် နယူးဇီလန်နိုင်ငံ၏ဈေးကွက်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများပိုမိုပွင့်လင်းလာခြင်း၊ ဥရောပသမဂ္ဂအဖွဲ့(EU)၏ရင်းနှီးမြှုပ်နှံသူတို့သည် ရင်းနှီးမြှုပ်နှံသူများအကြား ခွဲခြားမှုမရှိသော စံနှုန်းများရရှိခြင်း၊ ဥရောပသမဂ္ဂအဖွဲ့(EU)နှင့် နယူးဇီလန်နိုင်ငံ

အစိုးရတို့အကြား ကုန်စည်၊ ဝန်ဆောင်မှု၊ အလုပ်အကိုင်များနှင့် လုပ်ပိုင်ခွင့်ပေးခြင်းအတွက် ချုပ်ဆိုမည့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရေးအတွက် ပိုမိုမြှင့်တင်နိုင်ခြင်း၊ အသေးစားလုပ်ငန်းများအား အကူအညီပေးနိုင်ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် လိုအပ်ချက်များ သိသိသာသာ လျှော့ချပေးနိုင်ခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

ကုမ္ပဏီများ၊ လယ်သမားများ၊ စားသုံးသူများအတွက် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပဲရစ်ရာသီဥတုသဘောတူညီချက်နှင့်အဓိကအလုပ်သမားအခွင့်အရေးကို လေးစားလိုက်နာပြီးကုန်သွယ်ရေးပိတ်ဆို့တားဆီးမှုကို လျှော့ချနိုင်ခြင်း၊ စီးပွားရေးအရ အင်ဒို-ပစိဖိတ်ဒေသကို ဥရောပသမဂ္ဂအဖွဲ့(EU) နှင့် ဆက်ဆံရေးတိုးတက်စေခြင်းတို့ရရှိစေပါသည်။

စာချုပ်ပါအဓိကစည်းကမ်းချက်အချို့မှာ ဥရောပသမဂ္ဂအဖွဲ့ (EU) ၏ ကုန်စည်ပို့ဆောင်ရာ၌ စာချုပ်ဝင်များ ဆောင်ရွက်ရမည့်တာဝန်များကို ဆောင်ရွက်ရန်မလိုအပ်ခြင်း၊ စည်းကမ်းချက်များ စတင်ရာတွင် အခွန်ကင်းလွတ်သည့်အကျိုးကျေးဇူးရရှိခြင်း၊ အကောက်ခွန်နှင့်ကုန်သွယ်မှုမြှင့်တင်ခြင်းတွင် ပွင့်လင်းမြင်သာသောစည်းကမ်းချက်များချမှတ်၍ လုံလောက်သော အကောက်ခွန်လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ပေးခြင်း၊ ကုန်သွယ်မှုလျော်ကြေးတွင် ပြည်တွင်းဈေးနှုန်းထက်လျှော့၍ ကုန်ပစ္စည်းများတင်သွင်းသည့်စာချုပ်(anti – dumping)၊ အထောက်အပံ့ပေးခြင်းကို ဆန့်ကျင်သည့် စာချုပ်(anti-subsidy)၊ ကမ္ဘာလုံးဆိုင်ရာအကာအကွယ်ပေးရေးစာချုပ် (global safeguards)စသည့် trade defence instruments တို့အားအသုံးပြုခြင်းအားဖြင့် ဖြစ်နိုင်သည့်အခြေအနေများကို အတည်ပြုခြင်း၊ အစိုးရဝင်များအကြားပစ္စည်းဝယ်ယူရေးတွင် အပြန်အလှန်ပွင့်လင်းမြင်သာမှုရှိခြင်း၊ အသေးစားအလတ်စားလုပ်ငန်း (Small and Medium- Sized Enterprises) SME တွင် အဓိကကျသော လိုအပ်ချက်များဖြစ်သည့် ဈေးကွက်လက်ခံနိုင်သော Specific SME website နှင့် SME Contact Point တို့အား မြှင့်တင်ပေးခြင်းတို့ဖြစ်ပါကြောင်း တွေ့ရှိရပါသည်။

ဥရောပသမဂ္ဂအဖွဲ့(EU)သည် နယူးဇီလန်နိုင်ငံ၏တတိယအကြီးဆုံး စီးပွားရေးမိတ်ဖက်အဖွဲ့လည်းဖြစ်ပါသည်။ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်စာချုပ် Free Trade Agreement (FTA)နှင့်စပ်လျဉ်းသည့် အကဲဖြတ်ဆန်းစစ်ချက်အရ ဥရောပသမဂ္ဂအဖွဲ့ (EU)နှင့် နယူးဇီလန်နိုင်ငံတို့အကြား ကုန်သွယ်မှုသည် ၃၀% တိုးတက်ရန်လည်းမျှော်လင့်ခဲ့ပါသည်။

သို့ပါ၍ ၁-၅-၂၀၂၄ ရက်နေ့တွင် စတင်အကျိုးသက်ရောက်သည့် ဥရောပသမဂ္ဂအဖွဲ့ (EU) နှင့် နယူးဇီလန်နိုင်ငံတို့အကြားချုပ်ဆိုခဲ့သည့် ကုန်သွယ်မှုသဘောတူညီချက်စာချုပ်သည် အခွန်ဆိုင်ရာကင်းလွတ်ခွင့်ရရှိနိုင်ပြီး တာဝန်များဖြေလျော့ကာ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်နိုင်သဖြင့် စာချုပ်ဝင်များအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်သည့်စာချုပ်တစ်ရပ်ဖြစ်ပါကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကျမ်းကိုးစာရင်း**

- https://www.guidemesingapore.com/business-guides/immigration/get-to-know-singapore/introduction-to-singapores-legal-system
- https://www.thesingaporelawyer.com/media/what-are-the-night-courts-and-why-are-some-criminal-cases-handled-there/
- https://www.thesingaporelawyer.com/media/how-do-you-compound-a-night-court-criminal-case/
- https://www.judiciary.gov.sg/criminal/charged-with-traffic-regulatory-offence/attend-night-court-or-traffic-court
- https://www.judiciary.gov.sg › criminal-docs

## ဖိလစ်ပိုင်နိုင်ငံ၌ Absolute Divorce Act ကိုအောက်လွှတ်တော်တွင်အတည်ပြုခြင်း

ဖိလစ်ပိုင်နိုင်ငံအောက်လွှတ်တော်က Absolute Divorce Act အပြီးအပြတ်ကွာရှင်းပြတ်စဲခြင်း ဥပဒေကြမ်းအား တတိယနှင့်နောက်ဆုံးအကြိမ်ဖတ်ကြားခြင်းကို ၂၂-၅-၂၀၂၄ ရက်နေ့တွင် ပြုလုပ်ပြီး ထောက်ခံ မဲ ၁၃၁ မဲ၊ ကန့်ကွက်မဲ ၁၀၉ မဲ နှင့် ကြားနေမဲ ၂၀ ဖြင့်အတည်ပြုခဲ့သည်။

ဥပဒေကြမ်းရေးဆွဲသူ Albay Rep. Edcel Lagman ကဤဥပဒေကြမ်းသည် အိမ်ထောင်ရေး နှင့် ဆက်ဆံရေးအပေါ် လူ့အဖွဲ့အစည်း၏သဘောထားများ သိသာထင်ရှားသော အပြောင်းအလဲကို ကိုယ်စားပြုကြောင်း၊ ကွာရှင်းပြတ်စဲမှုကိုတရားဝင်ဖြစ်စေခြင်းဖြင့် ဖိလစ်ပိုင်နိုင်ငံသည် "မပျော်ရွှင်ဘဲ ပြုပြင်၍မရသော အိမ်ထောင်ရေးများ"တွင် ပိတ်မိနေသော လူတစ်ဦးချင်းစီအတွက် ရွေးချယ်ခွင့်များ ပေးရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ဗာတီကန်စီးတီးအပြင် ကွာရှင်းပြတ်စဲမှုသည် တရားမဝင်သေးသောကိစ္စ အဖြစ်လက်ခံထားသော ကမ္ဘာပေါ်တွင်တစ်ခုတည်းသောနိုင်ငံဖြစ်သောကြောင့် ယင်းသည်ပြတ်ပြတ် သားသားအောင်ပွဲဖြစ်ပြီး အဆိပ်အတောက်များဖြင့် နှစ်ရှည်လများရှင်သန်မှုကင်းမဲ့နေသော ဖိလစ်ပိုင် ဇနီးမယားများအတွက် မကြာမီလွတ်မြောက်ရေးအတွက် အချက်ပြခြင်းဖြစ်သည်ဟု Lagman မှ ပြောကြားခဲ့သည်။

အဆိုပါဥပဒေကြမ်းတွင် အိမ်ထောင်ဖက်တစ်ဦးမှ လိင်ပြန်လည်သတ်မှတ်ခြင်း သို့မဟုတ် လိင်တစ်မျိုးမှ အခြားတစ်မျိုးသို့ ကူးပြောင်းခြင်းနှင့် အိမ်ထောင်ဘက်အား အနည်းဆုံးငါးနှစ်ကြာ ကွဲကွာခြင်းအပါအဝင်စိတ်ပိုင်းဆိုင်ရာချို့တဲ့မှု၊ ညှိနှိုင်းမရသောကွဲပြားမှုများ၊ အိမ်တွင်းရေး သို့မဟုတ် အိမ်ထောင်ရေးဆိုင်ရာစော်ကားမှုအပါအဝင်အပြီးအပြတ်ကွာရှင်းပြတ်စဲခြင်းအတွက် အကြောင်းရင်း များကို ပြဋ္ဌာန်းထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ Family Code တွင် ဥပဒေအရ ကွာရှင်းနိုင်ရန် အကြောင်းပြချက်များကို အပြီးအပြတ်ကွာရှင်းပြတ်စဲခြင်းအတွက် အကြောင်းပြချက်များအဖြစ် စဉ်းစားနိုင်သည်။ ယင်းတို့မှာ- အသနားခံစာလျှောက်ထားသူ၊၎င်း၏တစ်ဦးတည်းသောကလေး သို့မဟုတ် အသနားခံစာလျှောက်ထားသူ

၏ကလေးတစ်ယောက်ယောက်အပေါ် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သို့မဟုတ် ပြင်းပြင်းထန်ထန် ရိုင်းစိုင်းသော အပြုအမူ၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေးအရ ဆက်နွယ်မှုကိုပြောင်းလဲရန် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ကိုယ်ကျင့်တရားဆိုင်ရာ အတင်းအကြပ်ဖိအားပေးမှု၊ အသနားခံစာလျှောက်ထားသူ၊ ၎င်း၏တစ်ဦးတည်းသောကလေး သို့မဟုတ် အသနားခံစာလျှောက်ထားသူ၏ ကလေးတစ်ယောက်ယောက်အပေါ်ပြည့်တန်ဆာလုပ်ရန်သွေးဆောင်ရန် သို့မဟုတ် အကျင့်ပျက်ခြစားရန်ကြိုးပမ်းမှု၊ နောက်ဆုံးစီရင်ချက်တွင် ပြစ်မှုကျူးလွန်သူအား ၆နှစ်ထက်ပိုသောထောင်ဒဏ်စီရင်ချက်ချမှတ်ခြင်း၊ မူးယစ်ဆေးစွဲခြင်း၊ အရက်စွဲခြင်း၊ သို့မဟုတ် လောင်းကစားစွဲမက်သူ၊ လျှောက်ထားခံရသူ၏လိင်တူဆက်ဆံမှု၊ တစ်ဦးနှင့်တစ်ဦး တရားဝင်လက်ထပ်ထားဆဲအချိန်တွင် အခြားသူတစ်ဦးနှင့်ထိမ်းမြားလက်ထပ်စာချုပ်ချုပ်ခြင်း၊အိမ်ထောင်ရေးဖောက်ပြန်ခြင်း သို့မဟုတ် တည်ဆဲအိမ်ထောင်ရေးအတွင်း အိမ်ထောင်ဖက်မဟုတ်သော အခြားသူတစ်ဦးနှင့် ကလေးယူခြင်း၊ လျှောက်ထားသူ၊ ၎င်း၏တစ်ဦးတည်းသောကလေး သို့မဟုတ် အသနားခံစာလျှောက်ထားသူ၏ကလေးတစ်ယောက်ယောက်အပေါ်အသက်ကိုထိခိုက်အောင်ကြိုးပမ်းမှုနှင့် အကြောင်းပြချက်မရှိဘဲ လျှောက်ထားသူအား တစ်နှစ်ထက်ပို၍ စွန့်လွှတ်ခြင်းတို့ဖြစ်ပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏ Family Code အရလက်ထပ်ထိမ်းမြားမှုကို ဖျက်သိမ်းရန် အကြောင်းပြချက်များဖြစ်သည့် မိဘများ၏သဘောတူညီချက်မရှိခြင်း၊ ရူးသွပ်ခြင်း၊ လိမ်လည်မှု၊ အင်အားသုံးမှု၊ ခြိမ်းခြောက်မှု သို့မဟုတ် လွှန်ကဲစွာသြဇာလွှမ်းမိုးမှု၊ ပန်းသေခြင်း၊ လိင်မှတစ်ဆင့်ကူးစက်နိုင်သောရောဂါများသည် အပြီးအပြတ် ကွာရှင်းပြတ်စဲခြင်းအတွက် အကြောင်းရင်းများဖြစ်ပါသည်။

အဆိုပါဥပဒေမူကြမ်းတွင် နိုင်ငံခြားသား သို့မဟုတ် ဖိလစ်ပိုင်အိမ်ထောင်ဖက်တို့မှ ပြည်ပတွင်တရားဝင်ကွာရှင်းမှုသည် တရားရုံးသို့သွားရန်မလိုဘဲ နိုင်ငံအတွင်း ကွာရှင်းမှုကဲ့သို့အကျိုးသက်ရောက်မှုရှိကြောင်း ဖော်ပြထားပါသည်။ အပြီးအပြတ်ကွာရှင်းပြတ်စဲမှုအတွက် အသနားခံစာတစ်ရပ်ကို လျှောက်ထားသူ သို့မဟုတ် ပူးတွဲလျှောက်ထားသူများသည် ကွာရှင်းရခြင်းအကြောင်းရင်းကို တွေ့ရှိပြီးနောက် ၁၀ နှစ်အတွင်း သင့်လျော်သော မိသားစုတရားရုံးသို့ တင်ပြရမည်။

သင့်လျော်သောမိသားစုတရားရုံးသည် အသနားခံစာတင်ပြီးနောက် မဖြစ်မနေ ရက်ပေါင်း ၆၀ ကြာကာလအတွင်း သက်ဆိုင်ရာအိမ်ထောင်ဖက်များ ပြန်လည်ပေါင်းစည်းရန် ကြိုးပမ်းမှုအားလုံးကို ကျင့်သုံးရမည်။ ညှိနှိုင်းဆဲကာလအတွင်း အမျိုးသမီးများနှင့် ၎င်းတို့၏ကလေးများကို အကြမ်းဖက်သည့်လုပ်ရပ်များ သို့မဟုတ် အခြားအိမ်ထောင်ဖက်၊ သို့မဟုတ် သာမန်ကလေးတစ်ဦး သို့မဟုတ် လျှောက်ထားသူသားသမီးများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသောကိစ္စများတွင် အကျုံးဝင်မည်မဟုတ်ပါ။ ညှိနှိုင်းဆဲကာလကုန်ဆုံးချိန်တွင် နှစ်ဖက်ညှိနှိုင်းမရပါက တရားရုံးသည် ချက်ခြင်းတရားစီရင်မှုစတင်မည်ဖြစ်ပြီး တစ်နှစ်အတွင်း အသနားခံစာအား ဆုံးဖြတ်ရန်ဖြစ်ပါသည်။

တရားစွဲမှုအတွင်း မည်သည့်အချိန်တွင်မဆို၊ နှစ်ဖက်အမှုသည်များ ပြန်လည်သင့်မြတ်ရန် သဘောတူပါက အသနားခံစာကို ပယ်ဖျက်ကြောင်းနှင့် ကွာရှင်းပြတ်စဲခြင်းအမိန့်ကို ထုတ်ပြန်ပြီးနောက်တွင်ပင် နှစ်ဦးနှစ်ဖက် ပြန်လည်သင့်မြတ်ရန်ဆုံးဖြတ်သည့်အခါ ကွာရှင်းပြတ်စဲခြင်းအမိန့်ကို ပျက်ပြယ်စေရမည်ဖြစ်ကြောင်း Lagman က ပြောကြားခဲ့သည်။

ကွာရှင်းပြတ်စဲခြင်းအမိန့်အရ ကွာရှင်းပြတ်စဲသည့်အိမ်ထောင်ဖက်များသည် တစ်ဖန်ပြန်လည်ထိမ်းမြားလက်ထပ်ခွင့်စာချုပ်ဖြင့် ထပ်မံထိမ်းမြား လက်ထပ်နိုင်သည်။ ကွာရှင်းပြတ်စဲခြင်းအမိန့်စာတွင် ကျူးလွန်ခံရသော အိမ်ထောင်ဖက်အတွက် ကလေးများအား စောင့်ရှောက်မှု၊ အုပ်ထိန်းမှု၊ ထောက်ပံ့မှု၊ ၎င်းတို့၏တရားဝင်ပိုင်ဆိုင်မှုအကာအကွယ်များ (သူစိမ်းထံသို့ မလွှဲပြောင်းနိုင်သောလူတစ်ဦး၏ပိုင်ဆိုင်မှု)၊ အမြတ်အစွန်းများ သို့မဟုတ် အသိုက်အဝန်းကို ဖျက်သိမ်းခြင်းနှင့် စရိတ်များ ရရှိရန်ပါဝင်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources

https://www.pna.gov.ph/articles/1225339

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

